# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၉၅ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်

(၂၀၂၂ခုနှစ် ၊ ဇွန်လ ၃ ရက်)

## ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် **"ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဇ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယဝန်ကြီး<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (န) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ပ) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဖ) | ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဗ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဘ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (မ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ယ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ရ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (လ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး<br>တိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဝ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်–

(က) မူဝါဒ၊ လမ်းညွှန်ချက်များချမှတ်ပေးရန်၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့်ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့်လိုအပ်သော ဆပ်ကော်မတီများဖွဲ့စည်းရန်နှင့်လုပ်ငန်းတာဝန်များသတ်မှတ်ပေးရန်၊

(ဂ) ကော်မတီအဆင့်ဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်စေရန်နှင့် ယင်းလုပ်ငန်းစီမံချက်များကိုစိစစ်အတည်ပြု ပေးရန်၊

(ဃ) ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲရန်နှင့်လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ရန်၊

(င) ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဇလတစ်ကြိမ် အစီရင်ခံတင်ပြရန်၊

(စ) ပိတ်သိမ်းမည့်စခန်းအလိုက် လိုအပ်သော ရန်ပုံငွေနှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့သို့အချိန်နှင့်တပြေးညီတင်ပြရန်၊

(ဆ) စခန်းပိတ်သိမ်းမည့်ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များကိုသက်ဆိုင်သောအစည်းအဝေးကျင်းပသည့်အခါ အထူးဖိတ်ကြားသူအဖြစ်ဖိတ်ကြားဆောင်ရွက်ရန်

(ဇ) ပြည်တွင်းနေရပ်စွန့်ခွာသူများ၏ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှကိုယ်စားလှယ်များကို အစည်းအဝေးများကျင်းပသည့်အခါတွင်သင့်လျော်သလိုဖိတ်ကြားရန်(ကိုယ်စားလှယ်များတွင်အမျိုးသမီးများ ပါဝင်ရမည်)

(ဈ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ (Stakeholders)နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်နယ်များအတွက် ဖွဲ့စည်းထားသော ဆက်စပ်ကော်မတီများ၊လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန်၊

၃။ ကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ ဥက္ကဋ္ဌ အနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် ကော်မတီရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၄-၈-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄၀/၂၀၂၁ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

စာအမှတ်၊ ၁၁၂ ( ၁ ) / ၈ / ကောင်စီ (၂၀၂၂)
ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ ဇွန်လ ၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး (ရုံး / ဌာနကြီးများအားလုံး)
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံးရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းနေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေး ဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

ခင်လတ်

အမြဲတမ်းအတွင်းဝန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး